JOURNALIST PUBLISHING

# အာဏာရှင်ကြီး၏

# နေဝင်း



ရေးသားပြုစုသူ

ဗိုလ်မှူးကြီးကြည်ဆွေ(ငြိမ်း)

Design Aung Myo(Rays)

ဒုတိယအကြိမ်

## မြန်မာနိုင်ငံတွင် တစ်ကြိမ်မတစ်ခါမှ တရားဝင်ပုံနှိပ် ထုတ်ဝေခြင်း မပြုရသေးသည့် “အာဏာရှင်ကြီး၏ အတွင်းရေးများ”

သူလိုလူစားသည် တပ်မတော်အရာရှိဟောင်း ဒုဗိုလ်မှူးကြီးကြည်ဆွေ (ငြိမ်း) ၏ ဘဝနှင့် ရင်း၍ ရေးသားခဲ့သည့်စာအုပ်ဟု ဆိုလျှင်မှားမည် မထင်ပါ။ ၁၉၈၈ လူထု အရေးအခင်း ဖြစ်လုဖြစ်ခင်အချိန်၌ ဗိုလ်ချုပ်ကြီး နေဝင်းနှင့် ပတ်သက်သည့် အတွင်းရေးသတင်းများ ၊တပ်မတော်တွင်း ထောက်လှမ်းရေးအဖွဲ့ကြီးအား ဗိုလ်ချုပ်ကြီးနေဝင်း ကိုင်တွယ်ဖြေရှင်းခဲ့ပုံများ ၊ စီးပွားရေးနှင့်ပတ်သက်၍ လည်း ဗိုလ်ချုပ်ကြီးနေင်း၏ တလွဲအသုံးချမှုများနှင့်ကကမ္ဘာ့စီးပွားရေးကိုမဆို လင့် အခြေခံမြန်မာ့ စီးပွားရေးကိုပင် နားမလည်းခဲ့ခြင်းကြောင့် မြန်မာပြည်သည် ဆင်းရဲမွဲတေမှုနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်ဟု တပ်မတော်အရာရှိဟောင်း ဒုဗိုလ်မှူးကြီးကြည်ဆွေ (ငြိမ်း) ကလွန်ခဲ့သည့်နှစ်ပေါင်း ၂၈ နှစ်က သုံးသပ်ရေးသားခဲ့သည့် စာအုပ်ဖြစ်ပါသည်။ ဒုဗိုလ်မှူးကြီး ကြည်ဆွေ (ငြိမ်း) က ထိုအချိန်က ခေတ်အခြေအနေနှင့် မြန်မာပြည်နိုင်ငံရေး ရေစီးကြောင်းအား ထင်သာမြင်သာရှိစေရန် မီးမောင်းထိုးရေးသားဖွင့်ချ ခဲ့ခြင်း ဖြစ်ပါသည်။ ယနေ့ အချိန်ကာလ အထိပင် စာအုပ်ပါ အချက်အလက်များက သမိုင်းကိုသက်သေခံနေမည့် စာအုပ်တစ်အုပ်ဖြစ်ပါသည်။ ဒုဗိုလ်မှူးကြီးကြည်ဆွေ (ငြိမ်း) သည် စစ်ကြောရေးတွင် စစ်ဆေးခံပါသည့် ထောင်တွင်းရောဂါဝေဒနာများဖြင့် ၁၉၉၉ ခုနှစ် မေလတွင် ကွယ်လွန်သွားခဲ့ပါသည်။

အဆိုပါ သူ့လိုစာအုပ်ကို ဒုဗိုလ်မှူးကြီး ကြည်ဆွေ (ငြိမ်း) ၏ သား ဖြစ်သူ (ဦး) တိုးကြည်ဆွေက အာဏာရှင်ကြီး၏ အတွင်းရေးများ အမည်ဖြင့် ဂျပန်နိုင်ငံ၌ ပြန်လည်ထုတ်ဝေခဲ့ဖူးပါသည်။

မိသားစု ဘဝနှင့် မိမိအသက်ကိုပင် မငဲ့ညှာမထောက်ထားဘဲ ရေးသားဖြန့်ချိခဲ့သူဒုဗိုလ်မှူးကြီး ကြည်ဆွေ (ငြိမ်း) ကွယ်လွန်ခြင်း ၁၈ နှစ်ပြည့် အတွက် မှတ်မှတ်ရရ၊ လိုလိုလားလား ထုတ်ဝေခွင့်ပေးသူ ဒုဗိုလ်မှူးကြီး ကြည်ဆွေ(ငြိမ်း) ၏ သားများဖြစ်ကြသည့် ဦးတိုးကြည်ဆွေ၊ ကိုသတိုးကြည်ဆွေ တို့က စာမူအား ဖြန့်လည်ထုတ်ဝေခွင့်ပေးသည့်အတွက် ဂျာနယ်လစ်စာပေမှ အထူးကျေးဇူးတင်ရှိပါသည်။

**ဂျာနယ်လစ်စာပေ**

*

## Messenger Journal ပါ ဖော်ပြချက်

## "အာဇာနည်ရှင်ကြီး၏ အတွင်းရေးများ"

၁၉၆၂ ခုနှစ် အာဏာသိမ်းပြီးတဲ့နောက်မှာ မြန်မာနိုင်ငံကို တစ်ပါတီစနစ်နဲ့ ဆိုရှယ်လစ်လမ်းစဉ်ကို အကောင်အထည်ဖော်ခဲ့တဲ့ ဗိုလ်ချုပ်ကြီး နေဝင်း အကြောင်းတွေက ရေးထားတဲ့ စာအုပ်တွေ အတော်များများ ရှိနေပါတယ်။ အများစုကတော့ ဒီဘက်ပိုင်းမှာ ရေးတဲ့စာအုပ်တွေပါ ။ ဒီတစ်ခါ မိတ်ဆက်ပေးမယ့် စာအုပ်ကတော့ ဗိုလ်ချုပ်ကြီးနေဝင်းလက်ထက်က ရေးသားခဲ့တဲ့ အာဇာနည်ရှင်ကြီး၏ အတွင်းရေးမှာ ဆိုတဲ့ စအာပ်နဲ့ပ မိတ်ဆက်ပေးချင်ပါတယ်။ ဒီစာအုပ်ကို ရေးသားသူကတော့ စစ်ထောက်လှမ်းရေး ထိပ်တန်းပုဂ္ဂိုလ် တစ်ဦးအဖြစ် ၁၉၈၃ ခုနှစ် ဩဂုတ်လ (၂၃) ရက်အထိ တာဝန်ထမ်းဆောင်တဲ့ ဒုဗိုလ်မှူးကြီး ကြည်ဆွေဖြစ်ပါတယ်။

စာအုပ်က စိတ်ဝင်စားစရာ ကောင်းသလို စာအုပ်ရဲ့ သမိုင်း ၊ စာရေးသူရဲ့ အကြောင်းကလည်း စိတ်ဝင်စားဖို့ ကောင်းပါတယ် ၊ ၁၉၈၈ ခုနှစ် အရေးအခင်း အပြီး အာဏာသိမ်းပြီးကာစမှာ စာရေးသူရဲ့ သားဖြစ်သူ တိုးကြည်ဆွေက ဒီစာအုပ်ကို လူရင်းတွေဆီ ဖြန့်ဝေခဲ့ပြီးနောက်မှာတော့ စာရေးသူ ဒုဗိုလ်မှူးကြီးကြည်ဆွေကို ဖမ်းဆီးခဲ့ပါတယ်။ ပြီးတော့ စစ်ခုံးရုံး ကနေ ပုဒ်မ ၁၀(က) နဲ့ ထောင်ဒဏ် ဆယ်နှစ် ချမှတ်ခဲ့ပါတယ်။

အဲဒီ နောက်မှာ စာရေးရဲ့ သားအကြီးဆုံး ဖြစ်သူ ဦးတိုးကြည်ဆွေက

မြန်မာနိုင်ငံကန ထွက်သွားပြီး ဂျပန်နိုင်ငံမှာ ထုတ်ဝေခဲ့တယ်လို့ ဆိုပါတယ် ။ အခု မြန်မာနိုင်ငံမှာ ပထမဆုံးအကြိမ် ထုတ်ဝေခဲ့ခြင်း ဖြစ်ပြီး ဂျာနယ်လစ်စာပေက ထုတ်ဝေထားတာဖြစ်ပါတယ်။

'ထောင်လှမ်းရေးအကြီးအကဲ ဗိုလ်ချုပ်တင်ဦး (မျက်မှန်ကြီး) အရေးယူခံရ၍ လက်ထောက်ဖြစ်သူ ဒုဗိုလ်မှူးကြီး ကြည်ဆွေ (ငြိမ်း) အား အငြိမ်းစားပေးခဲ့ပါသည်။ ၁၉၈၈ ခုနှစ် ၊ နိုဝင်ဘာလတွင် အာဏာရှင်ကြီး ၏ အတွင်းရေးများ စာအုပ် ရေးသားထုတ်ဝေမှုဖြင့် ထောင်ချခံရပါသည်။ ၁၉၉၂ ခုနှစ် ဧပြီလတွင် လွတ်ငြိမ်း ချမ်းသာခွင့်ဖြင့် ပြန်လွှတ် ပေးခဲ့ပါသည်။ ဆီးကျိတ်ကင်ဆာ ၊ အရိုးကင်ဆာရောဂါဖြင့် ၁၉၉၉ ခုနှစ် ၊ မေလ၌ ကွယ်လွန်ခဲ့ပါသည်' ဟု ဒုဗိုလ်မှူးကြီး ကြည်ဆွေ (ငြိမ်း)၏ သားဖြစ်သူ တိုးကြည်ဆွေက အမှာစာတွင် ရေးသားထားပါတယ်။

ဒီစာအုပ်ရေးသားရခြင်း နဲ့ပတ်သက်ပြီး ဒုဗိုလ်မှူးကြီး ကြည်ဆွေ (ငြိမ်း)က အခုလို ရေးသားထားပါတယ်။

"ဗိုလ်ချုပ်အောင်ဆန်းလက်ထက်က ရေးဆွဲခဲ့သော အခြေခံဥပဒေ အရ ရွေးကောက် တင်မြှောက်ခြင်းခံခဲ့ရသော ဝန်ကြီးချုပ်ဟောင်းဦးနု ခေါင်းဆောင်သည့် အစိုးရအား ဖြုတ်ချ၍ အာဏာသိမ်းခဲ့ပြီးနောက် ဆိုရှယ်လစ်စနစ် ထူထောင်ရန် အကြောင်းပြပြီး တစ်ပါတီ အာဏာရှင် စနစ်ကြီး ထူထောင်ခဲ့ပုံ ၊ နိုင်ငံ၏ သားကောင်းရတနာများသည် အာဏာရှင်စနစ်၏ သားကောင် ဖြစ်ခဲ့ရပုံ တိုင်းပြည်အခွင့်ထူးစံလူတန်းစား လက်တစ်ဆုပ်စာမှအပ ပြည်သူလူထုတစ်ရပ်လုံး ဒုက္ခဆင်းရဲခြင်း ခံစားရပုံ ၊သယံဇာတ ပေါများကြွယ်ဝ၍ တင့်တယ်ထင်ရှားလာသော နိုင်ငံအဖြစ်မှ ကမ္ဘာပေါ်တွင် အဆင်းရဲဆုံး စနစ်ဆိုကြီး ဘာ့ကြောင့် ကျဆုံးခဲ့ရကြောင်းတို့ကို သမိုင်း ဖြစ်ရပ်များနှင့်တကွ ရှင်းလင်းဖော်ပြထားပါသည်။ " လို့ ရေးသားထားပါသည်။

၁၉၆၂ ခုနှစ် ၊မတ်လ (၂)ရက်နေ့မှာ ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်ပြီး

အာဏာသိမ်းခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်းက တော်လှန်ရေး ကောင်စီ ဖွဲ့စည်းပြီး တော်လှန်ရေးကောင်စီကပဲ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ကို ကြေညာ၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကိုတည်ထောင် ၊ လူထုလူတန်းစား အဖွဲ့အစည်းတွေကို ဖွဲ့စည်းပေးတာ ၊ ဗဟိုနိုင်ငံရေး သိပ္ပံကျောင်းဖွင့် စတာတွေလုပ်ဆောင်ခဲ့ပါတယ်။ အဲဒါနဲ့အတူ ဝန်ကြီးချုပ်ဟောင်း ဦးနုနဲ့အတူ ဝန်ကြီးဟောင်းတွေသန့်ရှင်း ဖဆပလ ၊တည်မြဲဖဆပလကစလို့ မြေပေါ်မှာရှိတဲ့နိုင်ငံရေး အဖွဲ့ဟောင်းများမှ ခေါင်းဆောင်တွေကို တော်လှန်ရေးကောင်စီက ထိန်းသိမ်းခဲ့သလို တကသ အဆောက်အဦးကိုလည်း ဖြိုချဖျက်ဆီးခဲ့ပါတယ်။

"မြန်မာနိုင်ငံတွင် (၂၅) နှစ်ကျော် ကျင့်သုံးခဲ့သော နိုင်ငံရေးစနစ်ကို မှန်သည်မှားသည် ဟု ဝေဖန်ဆန်း စစ်ကြည့်ရန်အတွက် ဆိုင်ရာပညာရှင်များက တာဝန်ယူကြစေလိုပါသည်။ ကျွန်တော့် အနေနှင့်မူ ကျွန်တော်တာဝန်ထမ်းဆောင်စဉ် အတွင်း အတွေ့အကြုံ များကို တင်ပြခြင်းဖြင့် အနာ ဂတ်မြန်မာ ပြည်ကို ထူထောင်မည့်သူများအတွက် ဆောင်သင့်သည်များကို ဆောင်ပြီး ရှောင်သင့် သည်များကို ရှောင်ပြီး နိုင်ငံ၏ အကျိုးအတွက် ဆောင်ရွက်ရာတွင် အဆအထောက်အကူပြုနိုင်မည်ဟု ယုံကြည့်ပါသည်။ ကျွန်တော်၏ တင်ပြချက်များလည်း ပုဂ္ဂိုလ်ရေးအရ နစ်နာစေလိုသောဆန္ဒ လုံးဝမပါဝင်ပါ။ ဖြစ်ရပ်မှန်များကို ကြား၊ သိ၊ တွေ့မြင်ခဲ့ရသည့် တိုင်းသာ တင်ပြခြင်းဖြစ်ပါသည်။ "ဟုစာ ဆရေးသူ ကဆိုထားပါသည်။

ဒီစာအုပ်မှာ ဗိုလ်ချုပ်ကြီးနေဝင်းအကြောင်းဆိုပေမယ့် ကာကွယ်ရေးဦးစီးမှူး ချုပ်စောင်း ဦးတင်ဦး အကြောင်းကို ဦးစားပေး ဖော်ပြထားပါသည်။ ဘာဖြစ်လို့လဲဆိုတော့ ကာကွယ်ရေးဦးစီးမှူးချုပ်ဟောင်း ဦးတင်ဦးဟာ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ နိုင်ငံရေးဩဇာ အတက်အကျနဲ့ အထူးသက်ဆိုင်သူ ဖြစ်ပါတယ်လို့ စာရေးသူက သုံးသပ်ထားပါတယ်။

တစ်ခါမှာ ကုလ သမ္မဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ဖြစ်သူ ဦးသန့် ဟာ မိခင်ကို ကန်တော့ဖို့ မြန်မာနိုင်ငံကို ပြန်လာခဲ့ဖူးပါတယ် ။ အဲဒီ လို ရောက်လာတဲ့အခါမှာ ရောက်ရောက်ချင်း ဗိုလ်ချုပ်ကြီးနေဝင်းကို ဂါရဝပြုချင်လို့ မေတ္တာ ရပ်ခံခဲ့ပေမယ့် ဗိုလ်ချုပ်ကြီးနေဝင်းက မတွေ့လိုကြောင်း ပြောပြီး ငပလီကို ထွက်သွားပါတယ် ။ ဦးသန့်ကလည်း ဗိုလ်ချုပ်ကြီးနေဝင်းဟာ မူလအစီအစဉ် အရ သွားတာဖြစ်တဲ့ အတွက် ၎င်းကပဲ လိုက်ပြီးနှုတ်ဆက်မယ်ဆိုပြီး ငပလီကို လိုက်သွားပေမယ့် ဗိုလ်ချုပ်ကြီးက နောက်တစ်နေ့စောစောမှာပဲ ပြန်သွားခဲ့ပါတယ်။

အဲဒါနဲ့ ပတ်သက်လို့လည်း စာရေးသူက အခုလို ရေးထားပါသေးတယ်။

“ထိုစဉ်က ဦးသန့်နှင့် တွေ့ဆုံခဲ့ရသော ဗိုလ်ချုပ်ကြီး ဦးတင်ဦး( ကာကွယ်ရေးဦးစီးချုပ်ဟောင်း) က မိတ်ဆွေများနှင့် စကားစပ်မိ၍ ပြောကြားရာတွင် ” ဗိုလ်ချုပ်ကြီးက ဘာဖြစ်လို့လဲမသိပါဘူးဗျာ၊ မအားလို့ မတွေ့နိုင်ကြောင်းပြောပြီး၊ မြန်မြန်ပြန်ခဲ့ဆိုလို့ ကျွန်တော်ကသွားတယ်။ ဟိုရောက်တော့ ဦးသန့်က အလ္လာပ သလ္လာပ ပြောပြီး စကားကောင်းနေတော့ ရုတ်တရက် စကားမဖြတ်နိုင်ဘူးပေါ့ဗျာ ၊ ဦးသန့်ကို အနီးကပ်တွေ့ရပြီး သူ့စကားပြောတာ နားထောင်ရတာ နဲ့ တကယ့် သူတော်ကောင်းကြီးတစ်ယောက်ဆိုတာ ကျွန်တော်အကဲခတ်မိတယ် ။ ဒီတော့ စကားဖြတ်ရမှာ အားနာပြီး နားထောင်ခဲ့ရတာ ပေါ့ဗျာ။ ကျွန်တော်လည်း ပြန်ရောက်ရော ဘာဖြစ်လို့ ဒီလောက်ကြာနေတာလည်း ဆိုပြီး ဆူတော့တာပဲ။ နောက်နေ့ မနက်စောစော ပြန်မယ်ဆိုပြီး ပြန်တော့တာပါဘဲဗျာ” ဟူ၍ ပြောတတ်ပါသည်။ “ဦးသန့်ကို နိုင်ငံတကာက လူတွေက ချီးကျူးကြတာလည်း မပြောနဲ့ဗျ ။ ကျွန်တော် ခဏတွေ့တာတောင် တော်တော်လေး ကြည်ညိုမှု ဖြစ်ခဲ့ပါတယ်ဗျာ” ဟူ၍ လည်း ပြောတတ်ပါသည်။ လို့ရေးထားပါတယ်။

ဦးတင်ဦးဟာ ထောက်လှမ်းရေးအကြီးအကဲဖြစ်တာကြောင့် အရေးယူ တာတွေကို လုပ်ဆောင်ခဲ့ရသလို သူ့ရဲ့ လက်အောက်ငယ်သားတွေလည်း

မှန်မှန်ကန်ကန် အလုပ်လုပ်ဖို့ ၊ကိုယ်ကျင့်တရား ထိန်းသိမ်းဖို့ တိုက်တွန်းပြီး သူများကို အရေးယူသလို ကိုယ်လည်း တစ်နေ့မှာ အရေးယူခံရလိမ့်မယ် လို့ သတိပေးခဲ့ရပါတယ်။

“တစ်ခါတစ်ရံတွင်လူကြီးများကို အရေးယူရသည့်ကိစ္စများနှင့် ပတ်သက်၍ ၊ ၎င်းအနေနှင့် စိတ်မကောင်းသည့်အချက်တစ်ချက် ရှိကြောင်း ၊ ဗိုလ်ချုပ်ကြီးနေဝင်းက ဘယ်သူ့ကိုဖြစ်ဖြစ် အရေးယူတဲ့အခါမှာ ဥပဒေနဲ့ ဘောင်ဝင်အောင် လုပ်ရန် မှာထားကြောင်း ကိစ္စများကြောင့် အရေးယူရခြင်း ဖြစ်သော်လည်း ဥပဒေဘောင်ဝင်အောင် လုပ်ရသည့်အတွက် အကျင့်စာရိတ္တနှင့် ပတ်သက်သလိုလို ဖြစ်သွားခဲ့ကြောင်း၊ ၎င်းအနေနှင့်လည်း ဘာမှ မတတ်နိုင်ကြောင်း များကို ပြောပြတတ်ပါသည် ” လို့ရေးထားပါတယ်။

နောက်ဆုံးမှာတော့ ဦးတင်ဦးကိုယ်တိုင် အရေးယူခြင်းခံခဲ့ရပါတယ်။ စာရေးသူက အဲဒီ ခေတ်မှာ တော်တယ်လို့ နာမည်ထွက်တဲ့လူ၊ ရာထူးကြီးကြီးရလာတဲ့ လူက မကြာခင် အရေးယူခံရတတ်တယ်လို့ ရေးထားပါတယ်။

ရန်ကုန်တက္ကသိုလ်ထဲက သမဂ္ဂ အဆောက်အဦကို ဖြိုချတာနဲ့ ပတ်သက်လို့လည်း အခုလို တစေ့တစောင်းရေးထားပါတယ် ။

“တော်လှန်ရေးကောင်စီ တက်ပြီးနောက် ရန်ကုတ်တက္ကသိုလ် ကျောင်းသား သမဂ္ဂအဆောက်အဦအား ဖြိုချဖျက်စီးခဲ့ညခင်းကို ဗိုလ်ချုပ်ကြီးသည် အလွန်ကျေနပ်ခဲ့ပြီး အလျဉ်းသင့် တိုင် ဂုဏ်ယူပြောကြားခဲ့ကြောင်း သိရပါသည်။ အလယ်ရိုးမကို သိမ်းပိုက်ခြင်း ၊ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင်များ ကျဆုံးခြင်း ၊ ပီကင်းပြန်များ ကျဆုံးခြင်း ၊ မြစ်ဝကျွန်းပေါ်ဘက်တွင် အောင်ပွဲရခဲ့ခြင်း များနှင့် ပတ်သက်၍ တင်ပြကျသောအခါ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ပြီး မြေပေါ်ဌာန ချုပ်ဖြစ်သော တက္ကသိုလ် ကိုဖြိုဖျက်၍ သောင်းကျန်း သူများဟာ နယ်စွန်နယ်ဖျား ထွက်ပြေးပြီး အင်္ဂလိပ် ခေတ်က အင်္ဂလိပ်နယ်ချဲ့ ဆန့်ကျင်သူများ လုံးပါးပါးသကဲ့သို့

ပါးသွားမည်ဖြစ်ကြောင်း ပြောခဲ့သည်ဟု သိရပါသည်။ ” လို့ရေးသားထားပါတယ်။

တစ်နေ့မှာ ဇနီးသည်ဖြစ်တဲ့ သမိုင်းပါမောက္ခ ဒေါ်နီနီမြင့်နဲ့ အေးအေးဆေးဆေး စကားပြောနေကြရင်း ရှုးရှုးရှားရှား ဖြစ်လာကာ သမဂ္ဂအဆောက်အဦကို ဖြိုချတဲ့ ကိစ္စမှာ ၊ ပါဝင်ခြင်းမရှိကြောင်း ပေါ်လွင်အောင် ရေးသားကြရန် တော်လှန်ရေးကောင်စီနှင့် သက်ဆိုင်သူတွေကို ညွှန်ကြားခဲ့တယ်လို့ စာရေးသူက ဖော်ပြထားပါတယ် ။ ဒေါ်နီနီမြင့်က သမိုင်းဆရာဖြစ်တဲ့ အတွက် လွတ်လပ်ရေးကြိုးပမ်းမှုရဲ့ အထိမ်းအမှတ်ဖြစ်တဲ့ သမဂ္ဂအဆောက်အဦကို ဖြိုတာဟာ သမိုင်းမှာ ဆိုးဝါးတဲ့ မှတ်တိုင်တစ်ခု ဖြစ်လာလိမ့်မယ်လို့ ဦးနေဝင်းကို ပြောခဲ့တာ ဖြစ်မယ်လို့ ထင်မြင်ကြကြောင်း စာရေးသူက ဆက်ပြီးရေးသားထားပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဦးနေဝင်းတို့ကြားက အခြေအနေကိုလည်းအခုလို တစေ့တစောင်း ရေးသားထားပါတယ်။

“ဗိုလ်ချုပ်ကြီးကိုယ်တိုင် ပြောလေ့ရှိသော စကားတစ်ခုမှာ ဗိုလ်ချုပ်အောင်ဆန်းက တစ်ခါတစ်ရံ ဒေါပွ၍ ဆဲဆူသောအခါတွင် မိမိသည် ဗိုလ်ချုပ်နှင့်မတွေ့အောင် ရှောင်နေခဲ့ကြောင်း ၊မိမိက ဆူငေါက်သည်မှာ အသေးဖွဲလောက်ဖြစ်ကြောင်း ၊ ဗိုလ်ချုပ်အောင်ဆန်းက မိမိအား ဆူငေါက်သည့် အဖြစ်နှင့်ဆာလျှင် ဘာမှမဖြစ်လောက်ကြောင်း ” စသည်များဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် အသက်ငယ်သော်လည်း အရည်အချင်းပြည့်ဝခြင်း၊ အလွန်တည်ကြည် ဖြေင့်မတ်စွာနေခြင်း ၊ အလုပ်ကိုသာ အာရုံစူးစိုက်တတ်ခြင်း စသည်တို့ကြောင့် ဗိုလ်ချုပ်ကြီးနေဝင်းက အလွန်လေးစားမှုရှိခဲ့ကြောင်း သိရပါသည်။ လို့ရေးသားထားပါတယ်

ဦးနေဝင်းဟာ ဒေါသကြီးသလို စိတ်မြန်လက်မြန်ရှိကြောင်း၊ ပညာတတ်များကိုလည်း အကောင်းမြင်ခြင်းမရှိဘူးလို့ ဆိုထားပါတယ်။ ဦးနေဝင်းနဲ့ ပတ်သက်လို့ဦးဘဆွေနဲ့ ဦးကျော်ငြိမ်းတို့ကြားမှာ ပြဿနာပင် တက်ခဲ့တယ်လို့

ဆိုပါတယ်။ ဦးကျော်ငြိမ်းက ဦးနေဝင်းဟာ အာဏာရှင်ဖြစ်နေပြီလို့ မြင်ပေမယ့် ဦးဗဆွေကတော့ ဦးနေဝင်းဟာ အာဏာရှင်ဖြစ်လိုစိတ်မရှိပဲ အခြေအနေ များကြောင့်သာ ဖြစ်နေရတယ်လို့ မြင်တဲ့အတွက် ငြင်းခုံကြရင်း သူတို့နှစ်ဦးက သေတဲ့အထိ စကားမပြောတော့ဘူးလို့ ဆိုပါတယ်။

"ဗိုလ်ချုပ်ကြီးနေဝင်း၏ မူလရည်မှန်းချက်တွင် ဦးဗဆွေ ယူဆသကဲ့သို့ပင် အာဏာရှင်ဖြစ်လိုဟန် မရှိဟု ယူဆရပါတယ်။ သို့သော်လည်း ဒေါသ၊ အာဃာတကြီးလွန်းခြင်း ၊ စစ်မှန်သော အရည်အချင်းနှင့် မပြည့်စုံခြင်း သာယာမှုကို လွန်ကဲစွာ နှစ်သက်ခြင်း ၊ စစ်မှန်သော အရည်အချင်းနှင့် ကြိုးကြိုက်၍ လုပ်သမျှ အောင်မြင်သလို ဖြစ်ခဲ့ခြင်း စသည့် အကြောင်းများကြောင့်သာ လမ်းစဉ်ပါတီကို စနစ်တကျဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းခဲ့သော်လည်း နောက်ပိုင်းတွင် အရည်အချင်းရှိသူ အများစုကို ပယ်ထုတ်ပြီး ကိုယ်ပိုင်ပါတီကဲ့သို့ ပြုလုပ်ခဲ့သည်ဟု ထင်မြင် ယူဆရပါသည် "လို့ စာရေးသူက မှတ်ချက်ပြုထားပါတယ်။

နှစ်ပေါင်း ဆယ်စုနှစ်ချီပြီး တစ်ပါတီစနစ်နဲ့ အုပ်ချုပ်လာပြီးတဲ့ နောက်မှာတော့ အခြေအနေတွေက ဆိုးဝါးလှတာကြောင့် ၈၈ လူထုလှုပ်ရှားမှု ပေါ်ပေါက်ခဲ့တာဖြစ်ပါတယ်။

"1988 အရေးအခင်းဖြစ်ပွားသော ရန်ကုန်စက်မှုတက္ကသိုလ် (RIT) ကျောင်းသားများနှင့် အရပ်သားများ ပဋိပက္ခ ဖြစ်ခြင်းကို လက်ယဉ်နေသော လူရိုင်းများက ရက်စက်စွာ ပစ်ခတ်နှိမ်နင်းရန် ကြိုးစားခဲ့ပါသည်။ အဖြစ်မှန်ကို ဖုံးကွယ်ရန် ကြိုးစားရာမှ ပိုမိုကြီးထွားလာခဲ့သဖြင့် ကော်မရှင် ဖွဲ့၍ စစ်ဆေးခဲ့ပါသည်။ သို့သော်လည်း ပြည်သူလူထုကို ကျေးကျွန်ပမာ (၂၆) နှစ်ကျော်ကြာကြာ အနိုင်ကျင့် စော်ကားခဲ့သော အရှိန်ဖြင့် အမှန်ကို ဖော်ထုတ်ပြီး ပြေလည်အောင် ဆောင်ရွက်မည့်အစား ပြောင်လိမ်ညာပြီး ဖုံးကွယ်ခဲ့ကြပြန်သည်။ "

ကျောင်းသားများက မခံမရပ်နိုင်ဖြစ်၍ ၁၉၈၈ ခုနှစ်ဇွန်လတွင် ငြိမ်းချမ်းစွာ ဆန္ဒပြရန် ကြိုးစားခဲ့ကြပါသည်။ သို့သော်ငြား

အရိုင်းစိတ်ဝင်နေပြီဖြစ်သော အာဏာယစ်မူး နေသူများသည် ပြည်သူလူထု ၏ ရင်သွေးများ၊ အနာဂတ်၏ ခေါင်းဆောင် များဟူ၍ မမြင်နိုင်ကျတော့ဘဲ ရက်စက်စွာ ပစ်ခတ်နှိမ်နင်းရန် ကြိုးစားခဲ့ပြန်ပါသည်။ ၂၆ နှစ်ကျော် ခေါင်းငုံ့ ခံခဲ့ကြရသော ပြည်သူလူထုကလည်း ကျောင်းသားများ ၏ ဆန္ဒပြမှုများကို အတိအလင်း ထောက်ခံခဲ့ကြပါသည်။ ဤတွင် သစ္စာရှိ လူကောင်းဆိုသူများက အန္တရာယ် ကို မမြင်နိုင်သော်လည်း အသက်အရွယ်နှင့် အတွေ့အကြုံအရ ဗိုလ်ချုပ်ကြီးက အန္တရယ်ကို အန္တရယ်ကို မြင်နိုင်ခဲ့ပါသည်။ ထို့ကြောင့် ၁၉၈၈ ခုနှစ် ၊ဇူလိုင်လတွင် အရေးပေါ် ပါတီညီလာခံကို ကျိုက္ကဆံကွင်းတွင် ခေါ်ယူခဲ့ပါသည်လို့ ရေးထားပါတယ် ။

ဒီစာအုပ်မှာ စာမျက်နှာ တစ်ရာမပြည့်ပေမယ့် မှတ်သားစရာ အချက်အလက်တွေ အပြည့်ရှိနေပါတယ် ။ တိုင်းပြည်အုပ်ချုပ်သူများ၏ ဝတ္တရားနှင့် ပတ်သက်၍ စာရေးသူက အခုလို ရေးထားပါတယ် ။

“ပြည်သူ့ဆန္ဒ၊ ပြည်သူ့အကျိုးများကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်သူ့မေတ္တာကို ခံယူရရှိနိုင်ရေးအတွက် အတတ်နိုင်ဆုံး ကြိုးပမ်းကြရန်မှာ တိုင်းပြည်အုပ်ချုပ်သူတိုင်း၏ ဝတ္တရားပင်ဖြစ်ပါသည်။ ထိုဝတ္တရားများ ပျက်ကွက်ပြီး ပြည်သူကို လှည့်စားခဲ့ပါက သန်းပေါင်းငါးဆယ်ကျော် မြန်မာပြည်သူပြည်သားများသည် လှည့်စားသူကို အချိန်မရွေး ချေမှုန်းဒဏ်ခတ်နိုင်ကြောင်း အထူးသတိပြုသင့်ပါသည်။ ”

**Volume 6, No.5**

**6 July , 20015**

*

## The Voicce Journal ၏ စာညွှန်း

## “အာဇာာရှင်ကြီး၏ အတွင်းရေးမှူး”

၁၉၈၈ ခုနှစ် လူထု အရေးအခင်း ဖြစ်လု ဖြစ်ခင် အချိန်၌ ဗိုလ်ချုပ်ကြီး နေဝင်းနှင့် ပတ်သက်သည့် အတွင်းရေးသတင်းများ ၊ တပ်မတော်အတွင်း ထောက်လှမ်းရေးအဖွဲ့ကြီးအား ဗိုလ်ချုပ်ကြီးနေ ဝင်းကိုယ်တိုင် ဖြေရှင်းခဲ့ပုံများ၊ စီးပွားရေး နှင့်ပတ်သက်၍ ဗိုလ်ချုပ်ကြီးနေဝင်း၏ တလွဲအသုံးချမှုများ အပါအဝင် အတွင်းရေးအချို့ကို တပ်မတော်အရာရှိဟောင်း ဒုဗိုလ်မှူးကြီး ကြည်ဆွေ(ငြိမ်း) က လွန်ခဲ့တဲ့နှစ်ပေါင်း ၂၈ နှစ်လောက်က သုံးသပ်ရေးသားခဲ့တာဖြစ်ပါတယ်။ စစ်ကြောရေးမှာ စစ်ဆေးခံခဲ့ရတဲ့ ထောင်းတွင်းရောဂါ ဝေဒနာတွေနဲ့ ၁၉၉၉ မေလမှာ ကွယ်လွန်ခဲ့တဲ့ စာရေးသူရဲ့ သလိုစာအုပ်ကို စာရေးသူရဲ့ သားဖြစ်သူက ‘အာဇာာရှင်ကြီး၏ အတွင်းရေးများ ’ ဆိုတဲ့ အမည်နဲ့ ဂျပန်နိုင်ငံမှာ ထုတ်ဝေခဲ့ဖူးတယ်လို့ ထုတ်ဝေသူကအမှာစာမှာ ရေးသားထားပါတယ် ။ ဒီစာအုပ်က ဘဝနဲ့အသက်ကိုမငဲ့ဘဲ ရေးသားဖြန့်ချိခဲ့တဲ့ စာရေးသူကွယ်လွန်ခြင်း ၁၈ နှစ်ပြည့် အတွက် ပြန်လည် ထုတ်ဝေလိုက်တာ ဖြစ်တယ်လို့ ဆိုပါတယ်။

“အမှန်ကတော့ ဖေဖေက ဒီစာအုပ်ရေးလို့ ထောင်ကျတာပေါ့လေ၊ ရေးတာကတော့ ဦးနေဝင်းအကြောင်းရေးတာပေါ့ အမှန်တော့ နဝတ ခေတ်မှာ ဦးနေဝင်းနဲ့ သူတို့မတိုင်ဘူးဆိုပြီး ကြေညာတယ်လေ။ ဦးနေဝင်းက နဝတကို ကြိုးကိုင်နေတယ်ပေါ့ ။ နဝတကလည်း ဦးနေဝင်းနဲ့ ဘာမှမဆိုင်ဘူးပေါ့

ကြေညာတယ်။ တကယ်သာမဆိုင်ဘူးဆိုရင် ဦးနေဝင်းအကြောင်း ရေးလို့ ဖမ်းစရာအကြောင်း မရှိဘူးလေ ။ မဖမ်းသင့်ဘူး . . .။ ထောင်သာမကျရင် ဖေဖေကလည်း အခုအချိန်အထိ ရှိနေဦးမှာပ။ ဒီထောင်ကျသွားလို့သာ ရောဂါဖြစ်ရတာ အာဏာရှင်စနစ်ကြောင့် ဖြစ်သွားရတာ ပေါ့လေ။ ဒီစာအုပ်ပေါ်လာရတာ ကလည်း အာဏာရှင်စနစ်ကြောင့် ပဲပေါ့။ ဖြစ်စေချင်တာကတော့ စစ်မှန်တဲ့ ဒီမိုကရေစီ နိုင်ငံဖြစ်စေချင်တယ်။ အာဏာရှင်စနစ်နဲ့ ဆက်သွားနေသမျှ ဒီတိုင်းပြည်က ဖွံ့ဖြိုးတိုးတက်မှာ မဟုတ်ပါဘူးလို့ပဲ ပြောချင်ပါတယ်” လို့ စာရေးသူရဲ့ သားဖြစ်သူက ဆိုထားပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းလက်ထက်က ရေးဆွဲခဲ့တဲ့ အခြေခံဥပဒေအရ ရွေးကောက်တင် မြှောက်ခြင်းခံရသော ဝန်ကြီးချုပ်ဟောင်း ဦးနုခေါင်းဆောင်သည့် အစိုးရအား ဖြုတ်ချ၍ အာဏာ သိမ်းခဲ့ပြီးနောက် ဆိုရှယ်လစ်စနစ် ကြီးကို တည်ထောင်ခဲ့ပုံ ၊ နိုင်ငံ၏ သား ကောင်းရတနာ များသည်။ အာဏာရှင်စနစ်၏ ။ သားကောင်ဖြစ်ရပုံ ၊ တိုင်းပြည် အခွင့်ထူးခံ လူတန်းစား လက်ဆုပ်စာမှအပ ပြည်သူလူထု တစ်ရပ်လုံး ဒုက္ခ ဆင်းရဲခြင်း ခံစားရပုံ ၊ ယိုယွင်းဖောက်ပြန်လာသော အာဏာရှင်စနစ်ဆိုး ကျဆုံးခဲ့ရပုံ၊ သယံဇာတ ပေါများကြွယ်ဝ၍ ထင်ရှားသော နိုင်ငံအဖြစ်မှ ကမ္ဘာပေါ်တွင် အဆင်းရဲဆုံးနိုင်ငံ တစ်ခု ဖြစ်လာခဲ့ရပုံ စတာတွေကို ဖြစ်ရပ်တွေနဲ့ တကွ ရှင်းလင်းစွာ ဖော်ပြထား တယ်လို့ စာအုပ်မှာ ဖော်ပြထားပါတယ်။

**Monday,**

**July, 6-1 2, 2015**

*

## လျှပ်တစ်ပြက် ဂျာနယ်၏ သုံးသပ်ချက်

## "အာဏာရှင်ကြီး၏ အတွင်းရေးများကို ဖော်ထုတ်ဖွင့်ချသူ"

Journalist Publishing မှ ထုတ်ဝေသည့် စာအုပ်တစ်အုပ်ဖြစ်သည်။ တပ်မတော် အရာရှိဟောင်း ဒုဗိုလ်မှူးကြီး ကြည်ဆွေ(ငြိမ်း) ရေးသားခဲ့သည့် စာအုပ်ဟု နာမည်ကြီးခဲ့သည်။ စာရေးသူမှာ ၁၉၉၉ တွင် ကွယ်လွန်သွားခဲ့ပြီဟု သိရသည်။ သူ့လိုလူအမည်ဖြင့် သားဖြစ်သူက ဂျပန်နိုင်ငံတွင် ထုတ်ဝေခဲ့ဖူးသည်ဟု ဆိုသည်။ အဆိုပါစာအုပ် ရေးသားခြင်းကြောင့် စာရေးသူသည် အဖမ်းခံခဲ့ဖူးကြောင်း လူသိများခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြန်လည်လွတ်မြောက်ခဲ့သည်ဟု ဆိုသည်။ ၁၉၈၈ တွင် ရေးသားခဲ့သည့် စာအုပ်ဟု ဆိုသည်။

အာဏာရှင်ကြီး အတွင်းရေးများဟု ဆိုသော်လည်း ထဲထဲဝင်ဝင် ဖော်ပြထားသည်မ ဟုတ်လှ။ သည့်ထက်ပို၍ ရေးနိုင်တန်းကောင်းလိမ့် မည်ဟု ယူဆရသည်။ မည်သို့ ဖြစ်စေ စစ်အာဏာရှင်ကြီး၏ အတွင်းရေး တစ်စွန်းတစ်စ သိခွင့်ရခြင်းအတွက် ကျေးဇူးတင်စရာ ကောင်းလှချေ။

**အတွဲ (၅) ၊ အမှတ်(၄၀)**

**၆-၇-၂၀၁၅**

*

## မြန်မာ့ခေတ်ဂျာနယ်ပါ ဖော်ပြချက်

## "အာဏာရှင်ကြီး၏ အတွင်းရေးများ"

ဗိုလ်ချုပ်အောင်ဆန်းလက်ထက်က ရေးဆွဲခဲ့သော အခြေခံ ဥပဒေအရ ရွေးကောက်တင်မြှောက်ခြင်း ခံခဲ့ရသော ဝန်ကြီးချုပ်ဟောင်း ဦးနုခေါင်းဆောင်သည့် အစိုးရအား ဖြုတ်ချ၍ အာဏာသိမ်းခဲ့ပြီးနောက် ဆိုရှယ်လစ် စနစ်ထူထောင်နိုင်ရန် အကြောင်းပြပြီး တစ်ပါတီအာဏာရှင်စနစ်ကြီးကို တည်ထောင်ခဲ့ပုံ၊ တိုင်းပြည်တွင် အခွင့်ထူးခံလူတန်းစား လက်တစ်ဆုပ်စာပေမှအပ ပြည်သူလူထု တစ်ရပ်လုံး ဒုက္ခဆင်းရဲခြင်း ခံစားခဲ့ရပုံ၊ သယံဇာတ ပေါများကြွယ်ဝ၍ တင့်တယ်ထင်ရှားသော နိုင်ငံအဖြစ်မှ ကမ္ဘာပေတွင် အဆင်းရဲဆုံးနိုင်ငံတစ်ခု ဖြစ်လာခဲ့ရပုံ တို့မှစပြီး၊ ယိုယွင်းဖောက်ပြန်လာသော အာဏာရှင် စနစ်ဆိုးကြီး ဘာ့ကြောင့် ကျဆုံးခဲ့ရကြောင်းတို့ကို သမိုင်းဖြစ်ရပ်များနှင့်တကွ ရှင်းလင်းဖော်ပြထားပါသည်။

ဤစာအုပ်တွင် သမိုင်းဝင် တက္ကသိုလ် ကျောင်းသားသမဂ္ဂ အဆောက်အအုံကို ဘယ်သူဖြိုသလဲ၊ မဆလပါတီကို ဦးစွာဆန့်ကျင်ပြီး တောခိုခဲ့သော ဗိုလ်ကြီးကျော်စွာမြင့်၊ ခေါင်းဆောင်ကြီးကို လုပ်ကြံရန် ကြိုးစားအားထုတ်မှု ကြောင့် ကွပ်မျက်ခံရသော ဗိုလ်ကြီးအုန်းကျော်မြင့်၊ တပ်မတော်သားများ၏ ကြည်ညိုမှုခံရသော သူရဲကောင်း ဗိုလ်ချုပ်ကြီး သူရတင်ဦး နှင့် ထောက်လှမ်းရေးမှ ဗိုလ်ချုပ်တင်ဦးတို့အား ဖြုတ်ထုတ်ဝိုင်းပယ်ခဲ့ပုံများ၊ စုံလင်စွာ ဖတ်ရှုနိုင်ရန် ဒုဗိုလ်မှူးကြီးကြည်ဆွေ(ငြိမ်း)က ရေးသားထားသည်။

*